IDG Group DMCC

120 Emarat Atrium Building, Sheikh Zayed Rd, PO Box 50784, Dubai, UAE

# အကျင့်ပျက်မှုတိုက်ဖျက်ရေး မူဝါဒ

ဒီဇင်ဘာ 2016

ဗားရှင်း 1

## ဗားရှင်း ထိန်းချုပ်မှု

| ဗားရှင်း | ထုတ်ပြန်ရက်စွဲ | ရေးသားသူ | ဖြန့်ဝေရန် ခွင့်ပြုထားသည် |
|---|---|---|---|
| 1 | ဩ 16 | G WINTER | I GORDON<br>- လက်မှတ်- |
| 1 | စက် 17 | G WINTER |  |
| | | | |
| | | | |
| | | | |

# မာတိကာဇယား

မာတိကာဇယား....................1

အကျင့်ပျက်မှုတိုက်ဖျက်ရေး မူဝါဒ....................2

1. နိဒါန်း....................2

2. အထွေထွေ....................2

3. မူဝါဒ၏ သတ်မှတ်လိုအပ်ချက်များ....................2

4. လုပ်ဆောင်ရမည့်အရာ....................4

# အကျင့်ပျက်မှုတိုက်ဖျက်ရေး မူဝါဒ

## 1. နိဒါန်း

IDG သည် အကျင့်ပျက်ခြစားမှုကို လုံးဝသည်းခံခွင့်လွှတ်ပေးခြင်းမရှိပါ။

ဤမူဝါဒသည် အထွေထွေ အကျင့်ပျက်မှုတိုက်ဖျက်ရေး ကိစ္စရပ်များကို ဖြေရှင်းပေးသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ အမှုထမ်းများအား လူသစ်စုဆောင်းခြင်း၊ ရွေးချယ်ခြင်းနှင့် စိစစ်ခြင်းမှ အကျင့်ပျက်မှု ဖြေရှင်းပေးပါသည်။ ဤကုမ္ပဏီ၏ လုံခြုံရေး၊ ဂုဏ်သိက္ခာနှင့် အောင်မြင်မှုကို သေချာစေရန်အတွက် ကျွန်ုပ်တို့သည် လူထု၏ အရည်အသွေးအပေါ် အမှီပြုပါသည်။ ကျွန်ုပ်တို့သည် အမှုထမ်းသစ်များကို ရှာတွေ့ရာတွင် အကူအညီရရှိနိုင်ရန်အတွက်လည်း လက်ရှိ အလုပ်သမားများအပေါ် အမှီပြုပါသည်။ လူသစ်စုဆောင်းခြင်းမှ အကျင့်ပျက်မှုသည် ဖြစ်ပွားလေ့ရှိသည့်အရာဖြစ်ပြီး IDG သည် လုပ်ငန်းအတွင်း ထိုသို့ဖြစ်ပွားမှုကို သည်းခံခွင့်လွှတ်ပေးမည်မဟုတ်ပါ။

ကျွန်ုပ်တို့ ကုမ္ပဏီ၏ စရိုက်လက္ခဏာ (သို့မဟုတ် Kaida (ထုံးတမ်းဓလေ့)) ကို ရိုးသားမှုနှင့် တည်ကြည်ခိုင်မြဲမှုအပေါ် ဗဟိုပြုထားပြီး ၎င်းသည် စစ်မှန်သော Gurkha (ဂေါ်ရခါး) တစ်ဦး၏ Kaida ဖြစ်သည်။ ဤ Kaida ကို လိုက်နာခြင်းက ပရော်ဖက်ရှင်နယ်နှင့် အတွေ့အကြုံပြည့်ဝသည့် ယခင်မှုလလက်ဟောင်း Gurkha လုံခြုံရေးဝန်ဆောင်မှုပေးသူအတွက် အာမခံချက်ရှိသည့် အလုပ်အကိုင်ကို ပံ့ပိုးရန် ကတိကဝတ်ပြုနိုင်စေပြီး ကျွန်ုပ်တို့အနေဖြင့် ကလိုင်းယင့်များ၏ လိုအပ်ချက်များကို အရည်အသွေးအမြင့်ဆုံး လုံခြုံရေးဖြေရှင်းချက်များနှင့် ဖြည့်ဆည်းပေးရန် ခွင့်ပြုပေးနိုင်စေပါသည်။ အကျင့်ပျက်မှုနှင့် ဆွေမျိုးကောင်းစားရေးဝါဒကို လုံးဝ လုံးလုံးလျားလျား လက်မခံနိုင်ပါ။

ကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့သည် မည်သည့် တံစိုးလက်ဆောင်ကိုမှ ပေးရန် သို့မဟုတ် လက်ခံရန် ငြင်းပယ်ပါသည်။ သင်သည် အကျင့်ပျက်နေပါက သို့မဟုတ် ရိုးသားမှုမရှိပါက သင့်အား ဤကုမ္ပဏီအတွင်း ကြိုဆိုမည်မဟုတ်သည့်အပြင် သင့်အကျင့်ပျက်မှု သို့မဟုတ် မရိုးသားမှုကို တွေ့ရှိပါက ကျွန်ုပ်တို့က သင့်ဝန်ဆောင်မှုများကို ရပ်ဆိုင်းမည်ဖြစ်ပါသည်။ သင့်အနေဖြင့် စစ်မှန်သော Gurkha တစ်ဦး၏ ဂုဏ်ပြုထိုက်သော ထုံးတမ်းဓလေ့များကို ဆက်လက်ထိန်းသိမ်းပါက သင့်အား ကုမ္ပဏီအတွင်းတွင် ကာလကြာရှည် အောင်မြင်သည့် အသက်မွေးဝမ်းကြောင်းအလုပ်ကို ပေးအပ်နိုင်ရန် မျှော်လင့်ထားပါသည်။

IDG သည် ၎င်း၏ ကန်ထရိုက်ချုပ်သူလက်ခွဲများ သို့မဟုတ် အေးဂျင့်များအတွင်း အကျင့်ပျက်မှုကို သည်းခံခွင့်လွှတ်ခြင်းမရှိသည့်အပြင် အကျင့်ပျက်မှုကို ကျင့်သုံးခြင်းမရှိကြောင်း၊ သည်းခံခွင့်လွှတ်ခြင်းမရှိကြောင်း သို့မဟုတ် IDG ၏ မည်သည့် လုပ်ဆောင်မှုများတွင်မှ ခွင့်ပြုထားခြင်းမရှိကြောင်း သေချာမှုရှိစေရန် အမှုထမ်းအဖွဲ့ဝင်များအားလုံးကို တောင်းဆိုထားပါသည်။

## 2. အထွေထွေ

စီးပွားရေးလုပ်ငန်းတစ်ခုလုံးကို IDG လိုက်နာရမည့်ကျင့်ဝတ်မူဝါဒ၊ IDG စီးပွားရေးလုပ်ငန်းတွင် လိုက်နာရမည့် ကျင့်ဝတ်၊ နှင့် IDG ဝန်ထမ်းရေးရာ လက်စွဲနှင့် အညီ လုပ်ဆောင်ရမည်။

လူသစ်စုဆောင်းမှုတစ်ခုလုံးကို IDG လူသစ်စုဆောင်းရေး မူဝါဒနှင့်အညီ လုပ်ဆောင်ရမည်။

အမှုထမ်းများအားလုံးသည် (အလုပ်ခန့်အပ်ခံရခြင်းမဟုတ်သည့် ကန်ထရိုက်ချုပ်ဆိုထားသည့် အမှုထမ်းများအပါအဝင်) ၎င်းတို့၏ အလုပ်ခန့်အပ်မှုဆိုင်ရာ ကန်ထရိုက်ချုပ်ဆိုမှုအား လက်ခံမှုအပေါ် မူတည်ပြီး ကျင့်ဝတ်ဖော်ပြချက် / ဝန်ထမ်းရေးရာ ကျင့်ဝတ်ကို ဖတ်ရှုပြီး နားလည်သဘောပေါက်ကာ လက်မှတ်ရေးထိုးရမည်။

# 3. မူဝါဒ၏ သတ်မှတ်လိုအပ်ချက်များ

အေးဂျင့်များအသုံးပြုခြင်းနှင့် ဆက်နွယ်သည့် ဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရန်အတွက် IDG ၏ မူဝါဒက ကျွန်ုပ်တို့ထံမှ အောက်ပါတို့ကို သတ်မှတ်ပြဌာန်းထားသည်-

- ကျွန်ုပ်တို့က အေးဂျင့်အား မည်သည့်အတွက် အသုံးပြုထားကြောင်း ရှင်းလင်းဖော်ပြချက်နှင့်အတူ အေးဂျင့်တိုင်းအတွက် ရှင်းလင်းပြီး လက်တွေ့ပြသနိုင်သော စီးပွားရေးလုပ်ငန်း လိုအပ်ချက်ကို သက်သေအထောက်အထားပြပါ။ ထို့နောက်တွင် ဤသည်ကို အုပ်ချုပ်မှုဒါရိုက်တာက အတည်ပြုထောက်ခံရမည်။

- ဖြစ်စဉ်တစ်ခုစီရှိ ကမ်းလှမ်းထားသော ပေးချေမှုများအတွက် ကိစ္စကို သက်သေအထောက်အထားပြသခြင်း။

- ကျွန်ုပ်တို့ကိုယ်တိုင် စိတ်ကျေနပ်မှုရရှိစေရန်အတွက် အေးဂျင့်သည် တရားဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်းနှင့် အေးဂျင့်အား အသုံးပြုရန် သတ်မှတ်လိုအပ်ချက်များနှင့်ညီကြောင်း ကျယ်ပြန့်ပြည့်စုံသော မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ခြင်း။

- မျှော်မှန်းထားသည့် အေးဂျင့်တိုင်းနှင့်အတူ မျက်နှာချင်းဆိုင် အင်တာဗျူးကို လုပ်ဆောင်ခြင်း။

- လုံ့လပြင်းထန်သည့် လုပ်ကိုင်ဆောင်ရွက်မှုကို လုပ်ဆောင်နေသည့် ကုမ္ပဏီတွင်း အမှုထမ်းများအကြား အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဆိုင်ရာ မေးခွန်းတစ်ခုခုရှိပါက (ဥပမာအားဖြင့် အရောင်းအဝယ်ကို လက်မှတ်ထိုးပါက ပိုမိုမြင့်အားသည့် ဆုကြေးကို စွမ်းဆောင်ရရှိမည့် အလားအလာရှိနိုင်သည်) မဖြစ်အနေလုပ်ဆောင်ရမည့် ပြင်ပအစီရင်ခံစာကို ရယူခြင်း။

- အုပ်ချုပ်မှုဒါရိုက်တာသည် မည်သည့် အကြံပြုချက်ကိုမဆို အတည်ပြုပြီး ထောက်ခံရမည်။

- (အေးဂျင့်အနေဖြင့် IDG အကျင့်ပျက်မှုတိုက်ဖျက်ရေး မူဝါဒများနှင့် လိုက်နာရမည့်ကျင့်ဝတ်နှင့် အညီလိုက်နာရန် သတ်မှတ်ပြဌာန်းထားပြီး စာရင်းစစ်လုပ်ငန်းနှင့် စည်းကမ်းလိုက်နာမှုရှိမရှိ စစ်ဆေးမှုများအတွက် IDG အားခွင့်ပြုရန် သတ်မှတ်ထားသော) လက်မှတ်ထိုးထားသည့် ကန်ထရိုက်ချုပ်ဆိုထားမှုရှိကြောင်း သေချာစေခြင်း၊ သတ်မှတ်ထားသည့်အချိန်သည် အေးဂျင့်က ကျွန်ုပ်တို့၏ကိုယ်စား မည်သည့်လုပ်ငန်းကိုမှ မလုပ်ဆောင်မီ နှစ်နှစ်ထက်မပိုသင့်ပါ။

- ကန်ထရိုက်ချုပ်ဆိုမှုကာလအတွင်း ချိန်းဆိုတွေ့ဆုံမှုနှင့် ပုံမှန်ကြားကာလများ၌ ကျွန်ုပ်တို့၏ မူဝါဒများအပေါ် မှတ်စုတိုနှင့် ရှင်းလင်းဖော်ပြချက်များ ပံ့ပိုးပေးခြင်း။

- ပေးချေမှုများကို မည်သည့် ပုဂ္ဂိုလ် / မည်သည့်ပုဂ္ဂိုလ်ရှိသည့် ကုမ္ပဏီထံသို့ ပေးချေရန်ရှိသည်၊ ကျွန်ုပ်တို့ ကန်ထရိုက်ချုပ်ဆိုထားပြီး အခြေခံအားဖြင့်ငွေသားနှင့် ပေးချေရန် မသင့်သူ၊ အမှတ်စဉ်တပ်ထားသည့်အကောင့်များ သို့မဟုတ် ကြားခံပြင်ပအဖွဲ့များသို့ ပေးချေမှုများမပြုလုပ်သင့်ကြောင်း စသည်တို့အပေါ် လုံးဝရှင်းလင်းတိကျမှုကို သေချာစေခြင်း။

- အုပ်ချုပ်မှုဒါရိုက်တာသည် အေးဂျင့်တိုင်းနှင့် ပြုလုပ်သည့် မည်သည့် ဆက်ဆံရေးများကိုမဆို ကြီးကြပ်ကွပ်ကဲပြီး အေးဂျင့်က သက်ဆိုင်ရာ နိုင်ငံ သို့မဟုတ် အစီအစဉ်မန်နေဂျာထံမှ ၎င်းတို့ ကန်ထရိုက်ချုပ်ဆိုထားသည့် ဝန်ဆောင်မှုများကို မည်သို့လုပ်ဆောင်နေကြောင်း ပုံမှန် လုပ်ဆောင်မှုအစီရင်ခံစာများကို တောင်းခံရယူပါမည်။

- ကန်ထရိုက်ချုပ်ဆိုမှုအား ချိုးဖောက်မှုရှိပါက IDG သည် အေးဂျင့်ထံသို့ ပေးချေမှုများကို ဆိုင်းငံ့ထားပြီး ကန်ထရိုက်ချုပ်ဆိုမှုကို ရပ်ဆိုင်းပါမည်။

- ကန်ထရိုက်ချုပ်ဆိုမှုအတွင်းရှိ ကန်ထရိုက်ချုပ်ဆိုမှုပါ စည်းကမ်းချက်များအရ ပေးချေပြီးဖြစ်သည့် ပေးချေမှုများအားလုံးကို ပြန်လည်ပေးချေခြင်းအပါအဝင် အေးဂျင့်က ကန်ထရိုက်ချုပ်ဆိုထားမှုအပေါ် ချိုးဖောက်မှုတစ်ခုခုကြောင့် ဖြစ်ပေါ်သည့် ထိခိုက်ပျက်စီးမှုများအတွက် အေးဂျင့်ထံမှ လျော်ကြေးငွေကို ပြဋ္ဌာန်းသတ်မှတ်ချက်များအတွင်း သေချာစွာ ထည့်သွင်းခြင်း။

- IDG က ဒေသတစ်ခုအတွင်းရှိ ကလိုင်းယင့်များအတွက် သီးခြားဝန်ဆောင်မှုအစုများကို ပံ့ပိုးရန် ကြားခံပြင်ပအဖွဲ့ သို့မဟုတ် သီးခြား ကန်ထရိုက်ချုပ်ဆိုသူကို အသုံးပြုရန် ကြားခံပြင်ပအဖွဲ့များနှင့် ပြုလုပ်သည့် မည်သည့် စီစဉ်မှုများကိုမဆို အထက်ပါရည်ရွယ်ချက်များအတွက် အေးဂျင့်စီ၏ သဘောတူညီချက်များအဖြစ် မှတ်ယူပြီး တူညီသည့်အချက်အလက်များကို လိုက်နာရမည်။

## 4. လုပ်ဆောင်ရမည့်အရာ

ဤမူဝါဒအား လိုက်နာမှုမရှိခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်သည့် မည်သည့်အမှုထမ်းအဖွဲ့ဝင်မဆိုသည် ဤကိစ္စရပ်ကို ချက်ချင်းတိုင်ကြားသင့်သည်။ သင့်ကို နောက်ထပ် လမ်းညွှန်ချက်အတွက် စုံစမ်းစစ်ဆေးစဉ် အချက်အလက်ပိုင်းဆိုင်ရာ စောင့်ထိန်းလိုက်နာရမည့်မူဝါဒကို ရည်ညွှန်းပေးပါသည်။